MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစု ပမာဏကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ( ၂၄ ) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှ သာမန်အစုရှယ်ယာ တစ်စုလျှင် ကျပ် (၅၀) နှုန်းခွဲဝေရန် ဆုံးဖြတ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ ဒွါဒသမကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ZOOM application ကို အသုံးပြု၍ online platform ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ ဒွါဒသမဒသမကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်လည်း အစု ရှယ်ယာရှင်များအား အဆိုပါအမြတ်ဝေစု ပမာဏကို ခွဲဝေပေးမည်ဖြစ်ကြောင်း အသိပေးကြေညာ သွားမည်ဖြစ်ပါသည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် အနေဖြင့် အဆိုပါ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့အထိ အရောင်းအဝယ်ပြုလုပ်ထားပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် အမြတ်ဝေစု ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) နေ့တွင်ရှိသော အစု ရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

အစုရှယ်ယာရှင်များထံ အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို ဒွါဒသမကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပပြီးသည့်နောက်တွင် အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေး ရှင်းတမ်းများကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၃၀) ရက် **(**တနင်္လာနေ့)တွင် ထုတ်ပြန်ကြေညာသွားပြီးဖြစ် ကြောင်း အသိပေးအပ်ပါသည်။

**၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်း**

| | ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက် (ကြာသပတေးနေ့) |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက် (သောကြာနေ့) |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့် ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက် (တနင်္လာနေ့) |
| အစုရှယ်ယာတစ်စုအတွက် အမြတ်ဝေစု | ကျပ် ၅၀/- |
| စုစုပေါင်း အမြတ်ဝေစုခွဲဝေသည့် ပမာဏ | ကျပ် ၅၀၃,၀၁၇,၅၀၀/- |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ထပ်မံကြေညာပါမည်။ |

* အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် (Ex-dividend Date) ဆိုသည်မှာ ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းရှင်းခြင်းနှင့်ပေးချေခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်း (T+3 Settlement) အရ အမြတ်ဝေစုရရှိရန်အတွက် နောက်ဆုံးဝယ်ယူရမည့်နေ့ရက် သည် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) မတိုင်မီ (၃)ရက် ဖြစ်ရပါမည်။ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ရက် (Record Date) မတိုင်မီ အလုပ်ဖွင့်သည့် ရှေ့(၂)ရက်မှစ၍ အစုရှယ်ယာဝယ်ယူပါက အဆိုပါ အစုရှယ်ယာအား ဝယ်ယူသူသည် ယခုအဆိုပြုထားသည့် အမြတ်ဝေစုကို ခံစားခွင့်ရရှိမည် မဟုတ်ပါ။

** အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date) ဆိုသည်မှာ အဆိုပါနေ့ရက်တွင် အစုရှယ်ယာရှင်စာရင်း၌ မှတ်တမ်းဝင်သော အစုရှယ်ယာရှင်များ သည် အစုရှယ်ယာ ရှင်ရရှိမည့်အခွင့်အရေးများ (အမြတ်ဝေစုနှင့် နှစ်ပတ်လည် အထွေထွေအစည်း အဝေးတွင် မဲပေးခွင့်) ကို ရရှိမည်ဖြစ်ပါသည်။

"Record Date" ၏ အဓိပ္ပာယ်အားပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/en/notice-27062016_01/ တွင်ဖတ်ရှုနိုင်ပါသည်။

ဒေါက်တာမောင်မောင်အေး

မန်နေးဂျင်းဒါရိုက်တာ